# အားလုံးပါဝင်သော
# လုပ်သားရေးရာ
# စောင့်ကြည့်လေ့လာရေး
# လုပ်ဆောင်မှုကွန်ရက်

**လုပ်ငန်းရှင်၊ အရပ်ဘက်အဖွဲ့အစည်းတို့ ပူးပေါင်း၍**
**အဓမ္မလုပ်အားစေခိုင်းခြင်း နှင့် လူကုန်ကူးခြင်းကို**
**လုပ်သားအသံ၊ မိတ်ဖက်ပြုခြင်း၊ တီထွင်ဆန်းသစ်ခြင်း**
**များဖြင့် အားပြုလျက် ဖြေရှင်းခြင်း**



## အားလုံးပါဝင်သော လုပ်သားရေးရာ စောင့်ကြည့်လေ့လာရေး (ILM) ဆိုတာဘာလဲ ?

အားလုံးပါဝင်သော လုပ်သားရေးရာ စောင့်ကြည့်လေ့လာရေး (ILM)ဆိုသည်မှာ အလုပ်သမားအသံအခြေပြုသော နည်းပညာနှင့် အားလုံးပူးပေါင်းပါဝင်သည့် စနစ်မှတဆင့် ကုန်အမှတ်တံဆိပ်များ၊ အလုပ်ရှင်များ၊ အလုပ်ရှာဖွေရေးအေဂျင်စီများ၊ အစိုးရတာဝန်ရှိသူများက ကျင့်ဝတ်နှင့်ညီသော လုပ်သားစုဆောင်းခြင်းနှင့် အလုပ်ရှင်-အရပ်ဘက်အဖွဲ့အစည်းများက အဓိပ္ပာယ်ရှိစွာ ချိတ်ဆက်ခြင်းများဖြစ်ပေါ်လာရန် ရည်ရွယ်သည့် အသုံးချ နည်းပညာဖြစ်သည်။

နည်းပညာအားဖြင့်ဆိုလျှင် ILM သည် မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံရှိ လုပ်သားစုဆောင်းရေးနှင့် လုပ်ငန်းခွင် အခြေအနေများကို အချိန်နှင့်တပြေးညီ အလုပ်သမားအတည်ပြုချက်ရယူ၍ ဖြေရှင်းသည့် လုံခြုံစိတ်ချရသော cloud-based အခြေပြု အမှုစီမံခန့်ခွဲမှုစနစ် ဖြစ်သည်။ လူ့အခွင့်အရေးအရ ဆိုလျှင် ILM သည် NGOs များ၊ အလုပ်သမား သမဂ္ဂများ၊ အေဂျင်စီများ၊ အလုပ်ရှင်များ၊ ကုန်အမှတ်တံဆိပ်နှင့် ရောင်းချသူများ၊ အလုပ်သမားများသာမက လူထု တစ်ရပ်လုံးပါဝင်၍ ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက်ရှိ လူကုန်ကူးမှုနှင့် အဓမ္မလုပ်အားစေခိုင်းမှုပဟူသော ဘုံရည်မှန်းချက် အတွက် ပူးပေါင်းလက်တွဲလုပ်ဆောင်နိုင်ရန် စနစ်တကျစုစည်းထားသည့် ကွန်ရက်ဖြစ်သည်။

**ILM စနစ်၏ အားလုံးပါဝင်မှုအသွင်၌ အချက်အလက် ခြေရာခံစုစည်းမှုအပိုင်း သာမက အခွင့်အရေးရထိုက်သူများ၊ အခွင့်အရေးဖော်ဆောင်ရေးကြိုးပမ်းသူများ စုစည်းဆောင်ရွက်ခြင်းတို့ ပူးပေါင်းပါဝင်သည်။**

## အားလုံးပါဝင်သော လုပ်သားရေးရာ စောင့်ကြည့်ရေးကွန်ရက်တွင် မည်သူပါဝင်သနည်း?

အားလုံးပါဝင်သော လုပ်သားရေးရာ စောင့်ကြည့်ရေး ကွန်ရက်တွင် အလုပ်သမားများတင်ပြလာသော ပြဿနာများကို ခြေရာခံတုံ့ပြန်ပြီး ပံ့ပိုးမှုပေးသူများပါဝင်သည်။ အလုပ်သမားများဘေးကင်းလုံခြုံရေးသည် ILM နှင့် ကွန်ရက်၏ ဗဟိုချက်ဖြစ်သည်။ ILM တွင် အသုံးပြုသူများအတွက်ကြားခံ interface၊ အချက်အလက် data နှင့် စောင့်ကြည့်နိုင်သည့်နေရာ dashboard တို့ပါဝင်သည်။

### ကာကွယ်မှုပေးထားပြီး စွမ်းရည်ပြည့်ဝသော အလုပ်သမားများ၏ အဓိကပါဝင်မှု




ရွှေ့ပြောင်းနိုင်ခြေရှိသူများ၊ အလုပ်သမားများက ILM Network ရှိ ဘာသာမျိုးစုံဖြင့် ဆက်သွယ်နိုင်သောလမ်းကြောင်းများကို  ဖုန်းခေါ်ဆိုမှု၊ စာပို့မှုများပြုလုပ်၍ အခွင့်အရေးချိုးဖောက်ခံရမှု၊ သတင်းအချက်အလက်ရယူမှု၊ ပံ့ပိုးမှုများကို ၎င်းတို့ကိုယ်တိုင် ရွေးချယ်ရယူသည်။

အလုပ်သမားများနှင့် ရပ်ကျေးခေါင်းဆောင်များက တက်ကြွပံ့ပိုးသူများအဖြစ် အလုပ်သမားများ သိသင့်သည့် ရပိုင်ခွင့်များအကြောင်း အသိပညာပေးကြပြီး ဘဝတူအလုပ်သမားများအား အလုပ်ရှင်များ၊ အေဂျင်စီများ၊ ဒေသခံအစိုးရတာဝန်ရှိသူများကို ချိတ်ဆက်၍ ရပိုင်ခွင့်များတောင်းဆိုတတ်ရန် လက်ဆင့်ကမ်းအသိပညာပေးကြသည်။



### အရပ်ဘက်အဖွဲ့အစည်းများ (CSOs) (NGOများ နှင့် အလုပ်သမားသမဂ္ဂများ)



ယုံကြည်စိတ်ချရသော ရှေ့တန်းမှဝန်ဆောင်မှုပေးသူများက မူရင်းနှင့် ဆိုက်ရောက်နိုင်ငံများ၌ ရပ်ကျေးအဆင့် ကွင်းဆင်းမှုများပြုလုပ်၍ အလုပ်သမားအသံလမ်းကြောင်းများ မျှဝေခြင်း၊ ILMတွင် အမှုဖြည့်သွင်းခြင်း နှင့် ပံ့ပိုးကာကွယ်ပေးမှုများ လိုအပ်သလို ဆောင်ရွက်ကြသည်။

ပါဝင်ကြသည့် CSOs များ (www.workervoices.org ရှိ NGOs နှင့် အလုပ်သမားသမဂ္ဂများစာရင်းကို ကြည့်ပါ)အနေနှင့် ရွှေ့ပြောင်းအလုပ်သမားများအား ပံ့ပိုးရာတွင် ၎င်းတို့ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်မှုကို ဦးစားပေးသည့် ချဉ်းကပ်မှုပုံစံဖြင့် လုပ်ဆောင်ခြင်း၊ အလုပ်ရှင်များနှင့်ပူးပေါင်း၍ လုပ်သားစုဆောင်းမှုနှင့် လုပ်ငန်းခွင်အခြေအနေတိုးတက်လာခြင်းကို အမည်ထုတ်ဖော်ခြင်းမရှိ၊ အရှက်ရစေခြင်းမရှိဘဲ လုပ်ဆောင်ရန် ကတိကဝတ်ထားရှိရပါမည်။



### အလုပ်ရှာဖွေရေးအေဂျင်စီများ

တရားဝင်မှတ်ပုံတင်ထားသော အလုပ်ရှာဖွေရေးအေဂျင်စီများသည် မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများတွင် လုပ်ငန်းလည်ပတ်လျက်ရှိပြီး ပုံမှန်အားဖြင့် အလုပ်ရှင်ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လိုအပ်ချက်များအလိုက် နိုင်ငံတကာ အလုပ်သမားခေါ်ယူမှုကို စီမံခန့်ခွဲကြသည်။

ကွန်ရက်ရှိ အလုပ်ရှာဖွေရေးအေဂျင်စီနှင့် CSOs များက အလုပ်ရှာဖွေသူများကို အသိပညာပေးခြင်း နှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ တရားမဝင်ပွဲစားများကို ထုတ်ဖော်အရေးယူခြင်း၊ အရည်အချင်းပြည့်မီသောအလုပ်သမားများအား သင့်လျော်သောအလုပ်ချိတ်ဆက်ရရှိစေခြင်းကဲ့သို့ ဆန်းသစ်ထိရောက်သောနည်းလမ်းများဖြင့် ပူးပေါင်းပံ့ပိုးကြပါမည်။







## အလုပ်ရှင်များ/ထုတ်လုပ်သူများ

ILM စနစ်သည် အလုပ်သမားတင်ပြလာသော ပြဿနာများကို အလုပ်ရှင်များက မည်မျှလျင်မြန်ထိရောက်စွာ တုံ့ပြန်ဖြေရှင်း၍ နစ်နာမှုများပြန်လည်ရရှိစေသည်ကို ခြေရာခံနိုင်သည်။ အလုပ်ရှင်နှင့် မိတ်ဖက်လုပ်ငန်းများက ILM ကိုဝင်ရောက်ခြင်း သို့မဟုတ် ILM Action Network ရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်းအားဖြင့် ပြဿနာတင်ပြမှုများကို နားလည်ကာ တုံ့ပြန်ဖြေရှင်းနိုင်မည်။ ILM စနစ်တွင် မပြီးပြတ်သေးသော အမှုကိစ္စများ၊ မူဝါဒနှင့် စနစ်တိုးတက်ရေးဆောင်ရွက်ချက်များ၊ ရွှေ့အိပ်မက်မှတဆင့် လုပ်သားခေါ်ယူမှုများ၊ လုပ်ဆောင်ချက်တိုင်းတာမှုများကို ခြေရာခံစိစစ်နိုင်မည် ဖြစ်သည်။





## ကုန်အမှတ်တံဆိပ်များ၊ လက်လီရောင်းချသူများ၊ တင်သွင်းသူများနှင့် ကမ္ဘာ့ဝယ်လက်များ

အစ်ဆာရာ၏ မိတ်ဖက်များအနေဖြင့် ကုန်ထုတ်လုပ်မှုကွင်းဆက်များအတွင်း အလုပ်သမားအစီရင်ခံသည့် ပြဿနာများအား အလုပ်ရှင်များ မည်သို့တုံ့ပြန်ဖြေရှင်းမည်ကို ILM Dashboard တွင် စောင့်ကြည့်နိုင်မည် ဖြစ်သည်။ ဤအချက်သည် အလုပ်သမားများ၏အသံကို အခြေပြု၍ လူ့အခွင့်အရေးလေးစားလိုက်နာမှု (HRDD)ကို အကောင်အထည်ဖော်လုပ်ဆောင်နေသည့် အလုပ်ရှင်များအပေါ် အကဲဖြတ်အမှတ်ပေးနိုင်ရန် ဖြစ်သည်။ Issara ၏ အလုပ်သမားပြဿနာ စီမံခန့်ခွဲမှုများနှင့်အတူ တစ်ဦးချင်းအလိုက်ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ နစ်နာမှုပြန်လည်ရရှိစေရေး ကြိုးပမ်းမှုများနှင့်ဆိုင်သည့် အလုပ်သမားအသံအစီရင်ခံမှုများကို ကုန်အမှတ်တံဆိပ်များ၊ ဝယ်လက်များထံ တိုးမြှင့်ရောက်ရှိစေမည် ဖြစ်သည်။




အားလုံးပါဝင်သောလုပ်သားရေးရာ
စောင့်ကြည့်လေ့လာရေး လုပ်ဆောင်မှုကွန်ရက်

- ပိုမိုကောင်းမွန်သော စီးပွားရေးဆိုင်ရာ အသိအမြင်များ
- အလုပ်သမားများနှင့် အဓိပ္ပာယ်ပြည့်ဝစွာ ဆက်သွယ်နိုင်ခြင်း
- ကျင့်ဝတ်နှင့်ညီသော စီးပွါးရေးစနစ်များ ပိုမိုကျင့်သုံးခြင်း
- ကုန်ထုတ်လုပ်မှုကွင်းဆက် တစ်လျှောက်လုံး၌ ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများ
- အလုပ်သမားများအတွက် ရလဒ်၊ အလုပ်ရှင်အတွက် ရလဒ်

## ရှင်းလင်းသော ရလဒ်များမှာ -

**အမှန်တရားပေါ်ပေါက်ရေး၊ ရလဒ်ကောင်းရရှိရေး၊ အကောင်အထည်ဖော်နိုင်သော အချက်အလက်ရရှိရေးအတွက် ဆိုလျှင် သတင်းအချက်အလက်လုံခြုံမှု၊ အန္တရာယ်ကင်းမှု၊ ယုံကြည်မှုတို့က လွန်စွာအရေးပါသည်။**

အားလုံးပါဝင်သော လုပ်သားရေးရာ စောင့်ကြည့်မှုစနစ်သည် စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရတာဝန်ရှိသူများအား စာရင်းစစ်များနှင့် စုံစမ်းရေးအဖွဲ့များ မဖော်ထုတ်နိုင်သည့် အလုပ်သမားပြဿနာများနှင့် အန္တရာယ်များကို အမှန်အတိုင်း သိမြင်လာစေမည်။ 'အလုပ်သမားအသံအခြေပြု နည်းပညာကသာလျှင် ဒီအချက်ကို ဖော်ထုတ်နိုင်မှာ ဖြစ်တယ်။' (Rende Taylor and Shih 2019)

၂၀၂၂ -၂၀၂၃ ၌ ILM Network ၏ အလုပ်သမားအသံဆက်သွယ်ရေးလမ်းကြောင်းများမှ တစ်လလျှင် ဖုန်းခေါ်ဆိုမှု နှင့် စာပို့ဆက်သွယ်မှုပေါင်း ၁၅၀၀၀ - ၂၀၀၀၀ ခန့် လက်ခံရရှိခဲ့ပါသည်။

နိုဝင်ဘာ ၂၀၂၃ အရ ဖုန်းခေါ်ဆိုမှု၊ စာပို့ဆက်သွယ်မှုများကို အခြေခံ၍ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုပေါင်း ၈၉၉၇၇ ခုကို အလုပ်ရှင်နှင့် အလုပ်သမားများက ပြေလည်စွာဖြေရှင်းပြီးစီးခဲ့သည်။ အလုပ်သမားများအတွက် နစ်နာမှုပြန်လည်ကုစားပေးရာတွင် အများစုကို အလုပ်ရှင်နှင့် အလုပ်ရှာဖွေရေးအေဂျင်စီများက ဆောင်ရွက်ခဲ့ကြပြီး အချို့အမှုများတွင် အစိုးရတာဝန်ရှိသူများ၏ အပြုသဘောဆောင်သော ဖြေရှင်းမှုများလည်း ရှိကြသည်။

## အလုပ်သမားအများစုက အဘယ်ကြောင့် ILM Action Network ၏ အလုပ်သမားအသံလမ်းကြောင်းများနှင့် ရွှေအိပ်မက်ဖုန်းအပလီကေးရှင်းကို အခြားဖုန်းအပလီကေးရှင်းနှင့် လမ်းကြောင်းများထက် ပိုမိုဆက်သွယ်ကြသနည်း။

### အားလုံးပါဝင်မှုရှိခြင်း နှင့် ဝန်ဆောင်မှုဦးစားပေးခြင်း

ILM Action Network ၏ ဝန်ဆောင်မှုသည် အလုပ်ရှာဖွေသူများ၊ နိုင်ငံခြားသားအလုပ်သမားများ၊ ဒေသခံအလုပ်သမားများအားလုံးကို အချိန်နှင့်တပြေးညီ ဝန်ဆောင်မှုပေးလျက်ရှိသည်။ မည်သည့် လုပ်ငန်းခွင်၊ မည်သည့်လုပ်ငန်းအသင်းအဖွဲ့၏ ကုန်ထုတ်လုပ်မှု ကွင်းဆက်ရှိ အလုပ်သမားများကိုသာ ဝန်ဆောင်မှုပေးသည်ဟု ကန့်သတ်ထားခြင်း မရှိပါ။

### မူရင်းနှင့် ဆိုက်ရောက်နိုင်ငံအထိ ဝန်ဆောင်မှုပေးခြင်း

အောက်ခြေအဆင့်အထိ ချိတ်ဆက်ထားနိုင်မှုရှိပြီး အချိန်နှင့်တပြေးညီ ဝန်ဆောင်မှုရှိခြင်းကြောင့် မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံရှိ အလုပ်သမားများ၏ ယုံကြည်မှုကို ရရှိထားသည်။

### အဆင့်မြင့် ဒေတာအချက်အလက်၊ အဆင့်မြင့် ရလဒ်


စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံရှိ အလုပ်သမားအသံများကို မျက်ခြေမပျက်သိရှိရခြင်းကြောင့် စဉ်ဆက်မပြတ်လေ့လာသိရှိနိုင်ပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ တုံ့ပြန်ဖြေရှင်းမှုများကို ပိုမိုတိုးတက်အောင် ပြုလုပ်နိုင်ပါမည်။ နစ်နာမှုပြန်လည်ကုစားခြင်းနှင့် အမှုလွှဲပြောင်းခြင်း လုပ်ထုံးလုပ်နည်းများသည် အစိုးရနှင့်လည်း သက်ဆိုင်သောကြောင့် စီးပွားရေးလုပ်ငန်းများသာမက အစိုးရပိုင်းနှင့်လည်း ချိတ်ဆက်နိုင်အောင် ထည့်သွင်းထားသည်။

### ဘေးကင်းလုံခြုံမှု

အခွင့်အရေးချိုးဖောက်ခံရသော အလုပ်သမားများ ဘေးကင်းလုံခြုံရေးနှင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်ဒေတာများကို အထူးဂရုစိုက် အလေးအနက်ထားပါသည်။

## ကွန်ရက်တွင် ပူးပေါင်းပါဝင်ပါ။

အချိန်နှင့်တပြေးညီ အလုပ်သမားအသံရရှိမှုများ၊ ပူးပေါင်းပါဝင်သော အဖွဲ့အစည်းများစာရင်း၊ ဖြန့်ကျက်ရောက်ရှိသော နေရာဒေသများကို သိရှိလိုပါက သို့မဟုတ် ကျွန်ုပ်တို့ထံ စာပေးပို့ ဆက်သွယ်လိုပါက WWW.WORKERVOICES.ORG သို့ စာပေးပို့ဆက်သွယ်နိုင်ပါသည်။




**WWW.WORKERVOICES.ORG**